# ကုန်းဘောင်ခေတ်ဟာသစာပေလေ့လာချက်

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း

မောင်သန်းထိုက်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ ဇွန်လ

## ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် ကုန်းဘောင်ခေတ်တွင် ရေးဖွဲ့သောစာပေများမှ ရယ်ရွှင်ဖွယ်ဖြစ်စေသည့် ဟာသရသများကို လေ့လာတင်ပြထားသောကျမ်းဖြစ်ပါသည်။ ဟာသရသသည် ရသကိုးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သောကြောင့် ရသ၏ အဓိပ္ပာယ် ၊ သဘောလက္ခဏာ တို့ကို အကျဉ်းမျှ တင်ပြထားပါသည်။ ထို့နောက် ဟာသရသ၏ သဘောသဘာဝ၊ ဟာသအမျိုးအစား ၊ ဟာသရသ၏ ထူးခြားချက်များကို ဖော်ပြထားပါသည်။ ဟာသရသသည် အခြားသောရသသည် အခြားသော ရသများနှင့် မတူတစ်မူထူးခြားသည်ကိုလည်း လေ့လာဖော်ပြထားပါသည်။ကုန်းဘောင်ခေတ် စာပေများတွင် တွေ့ရသော ဟာသရသအဖွဲ့များကို စကားပြေ အပိုင်း၊ ကဗျာအပိုင်း ဟူ၍ ခွဲခြားလေ့လာတင်ပြထားပါသည်။ စကားပြေအပိုင်းတွင် နန်းတွင်း ဇာတ်တော်ကြီးများတွင် တွေ့ရသော ဟာသရသအဖွဲ့များ၊ ဝတ္ထုများတွင် တွေ့ရသော ဟာသရသအဖွဲ့ များ၊ ပြဇာတ်များတွင် တွေ့ရသော ဟာသရသအဖွဲ့များ၊ မေတ္တာစာများတွင် တွေ့ရသော ဟာသ ရသအဖွဲ့များ ဟူ၍ ခွဲခြားလေ့လာတင်ပြထားပါသည်။ ကဗျာအပိုင်းတွင် ကုန်းဘောင်ခေတ် ရကန် များတွင် တွေ့ရသော ဟာသရသ အဖွဲ့များ၊ တေးထပ်များတွင် တွေ့ရသော ဟာသရသများ၊ ဒွံ့ချင်းများ တွင် တွေ့ရသော ဟာသရသများ ဟူ၍ ခွဲခြားလေ့လာတင်ပြထားပြီး အခြားကဗျာအမျိုး အစားကိုမူ တစ်စုတစ်စည်းတည်းဖြင့် ကုန်းဘောင်ခေတ် ကဗျာအထွေထွေ ဟူ၍ သီးသန့်ခွဲကာ လေ့လာတင်ပြ ထားပါသည်။ ထို့ကြောင့် ဤကျမ်းသည် ရသစာပေများအနက် ရယ်ရွှင်နှစ်သက်ဖွယ် ဖြစ်သော ဟာသရသအဖွဲ့များမှ ရယ်ရွှင်ခြင်း ဖြစ်စေဖွယ် အမျိုးမျိုးကို ခြုံငုံသုံးသပ်မိစေရန် တင်ပြထား ပြီး ကုန်းဘောင်ခေတ်၌ ပေါ်ပေါက်ခဲ့သော စာပေများမှ ဟာသရသအဖွဲ့များ၏ သဘောကို သုံးသပ် မိစေရန်တင်ပြထားသော ကျမ်းဖြစ်ပါသည်။ ရသစာပေကို နှစ်သက်မြတ်နိုးသူများ ရသစာပေကို လေ့လာသူများအဖို့ အတိုင်းအတာ တစ်ခုအထိ အကျိုးကျေးဇူး ရရှိမည် ဟု မျှော်မှန်းပါသည်။